# ဓမ္မခန္ဓာ (၁၀၄) အတင်းအဖျင်း (အလ်-ဟုမာဇာ့ဟ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၃၂)၊ သုတ်ဒေသနာ (၉)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်-[၁း၁]

| | |
|---|---|
| ၁။ | **وَيْلٌ لِّكُلِّ هُمَزَةٍ لُّمَزَةٍ۝**<br>လီဆယ်ပြောသူ၊ နာမည်ဖျက်သူတိုင်း ပျက်စီးရမည်သာတည်း။[၁၁၉၇] |
| ၂။ | **الَّذِي جَمَعَ مَالًا وَعَدَّدَهُ۝**<br>သူသည် ဉစ္စာကို စုဆောင်း၍၊ ပွတ်တိုက်ရေတွက်နေ၍၊[၁၁၉၈] |
| ၃။<br>☆၂း၃၉ | **يَحْسَبُ أَنَّ مَالَهُ أَخْلَدَهُ۝**<br>ဉစ္စာပစ္စည်းသည် ကာလမဲ့စံစားရမည်ဟု☆ သူ ထင်မှတ်၏။ |
| ၄။ | **كَلَّا لَيُنبَذَنَّ فِي الْحُطَمَةِ۝**<br>အမှန်မှာ-သူ့အား ဒုက္ခရဟတ်တွင်းသို့ ဆောင့်ဆွဲချခံရလတ္တံ့။[၁၁၉၉] |
| ၅။ | **وَمَا أَدْرَاكَ مَا الْحُطَمَةُ۝**<br>ဒုက္ခရဟတ်ဟူသည် သင့်အား မည်သည်က တွေးသိစေအံ့နည်း။ |
| ၆။ | **نَارُ اللَّهِ الْمُوقَدَةُ۝**<br>ပရမတ်ဘုရားရှင်က လောင်စာထည့်ထားသော အပူမီးပင် ဖြစ်၏။ |
| ၇။ | **الَّتِي تَطَّلِعُ عَلَى الْأَفْئِدَةِ۝**<br>ယင်းသည် ခံစားသိများ အပေါ် ကျော်ဟပ်နေ၏။[၁၂၀၀] |

---

**(၁၁၉၇)** ဤသုတ်တော်သည် အစ္စလာမ်သာသနာက သွန်သင်သော ကိုယ်ကျင့်တရားပေါင်း များစွာ အနက်မှ စောင့်စည်းအပ်သော ကိုယ်ကျင့်တရား တစ်ခု ဖြစ်ပေသည်။ သူတစ်ပါး၏ အကြောင်းကို မဟုတ်မတရား လီဆည်ပြောဆိုခြင်း၊ ဝါဒဖြင့်ခြင်း၊ နာမည်ဖျက်ခြင်း ပြုသူတိုင်း ပျက်စီးရမည်ဟု သတိပေးထားခြင်း ဖြစ်ပေသည်။ အချင်းချင်း ပုတ်ခတ် စော်ကားနေခြင်း- နာမည်ဖျက်နေခြင်းများမှာ အလွန် ရှုံရှာဘွယ် ကောင်းသော ကိစ္စရပ်ပင်။

**(၁၁၉၈)** ဤသုတ်တော်မှ ဝေါဟာရ **အာ့ဒ်ဒတ်တာဟ်** ဆိုသည်မှာ- မိမိ၏ ပိုက်ဆံ၊ မိမိ၏ ဉစ္စာပစ္စည်းအား လက်ဖြင့်ပွတ်လျှက် တစ်တွတ်တွတ် ရေတွက်နေခြင်းကို ခေါ်ဆိုပေသည်။

**(၁၁၉၉) ဟုတ္တာမာ့တ်ဟ်** ဆိုသည်မှာ ညက်ညက်ကျေအောင် ကြိတ်ခံရသော ဒုက္ခ စက်ရဟတ်ကို ခေါ်ဆိုပေသည်။

**(၁၂၀၀)** ထိုဒုက္ခ စက်ရဟတ်သည် မကောင်းမှုပြုသော ရာဇဝတ်ကောင်များ၊ ငွေကြေးဉစ္စာအား လောဘတက် မက်မောစွာ ရှာကြံစုဆောင်း ရမက်ဖက်နေသော လောဘသားတို့၏ ခံစားချက်များ၏ အပေါ်မှ စီး၍ ကျော်ဟပ်နေသော အပူမီး ဖြစ်သည်ဟု ဆိုပေသည်။ ထိုမီးသည် ပရမတ်ဘုရားရှင်က လောင်စာထည့်ထားသော မီးဟု သုတ်တော် (၆) တွင် ပြောဆိုထားပေသည်။ ဆိုလိုသည်မှာ ပရမတ်ဘုရားရှင်သည် ဒုက္ခ၊ သုခကို လောကနိယာမအဖြစ် ပြဌာန်းထားပြီး ဖြစ်သည်။ ထိုဒုက္ခခံရစေမည့် သောကမီး၊ စစ်မီးတို့က လူသားအား ဆွဲယူနေခြင်း မဟုတ်ချေ။ လူသားသည် သူ၏ လောဘ၊ သူ၏ မတရားမှုဖြင့် လောဘမီး၊ စစ်မီးဆီသို့ ဦးတည်နေကြောင်းကို ပြောဆိုခြင်း ဖြစ်ပေသည်။ ထိုအချက်ကို သူ၏ အပြုအမူများ (သုတ်တော် ၁- ၂ နှင့်- ထိုအပြုအမူများက သူ့အား ဒုက္ခတွင်းသို့ ဆွဲချနေခြင်း (သုတ်တော် ၄) တို့က ထောက်ပြထားပေသည်။

| | |
|---|---|
| ၈။ | إِنَّهَا عَلَيْهِم مُّؤْصَدَةٌ۞<br>ယင်းသည် သူတို့အား ဖမ်းဆီးချုပ်ပိတ်ထားမှာ– |
| ၉။ | فِي عَمَدٍ مُّمَدَّدَةٍ۞<br>တိုးရှေ့နေသော အကန့်များထဲ၌ ဖြစ်၏။[၁၂၀၁] |

---

(၁၂၀၁) ဤသုတ်တော်အား ဆရာတော်ကြီးများက ရှည်လျှားသော တိုင်များထဲဟု ပြန်ဆိုကြပေသည်။ ဆိုလိုသည်မှာ သူ၏ အဆုံးမသတ်နိုင်သော လောဘ စိတ်က သူ့အား အချုပ်ခန်းများ သဖွယ် ဖြစ်စေ၍– ထိုအဆုံးမသတ်နိုင်သော လောဘစိတ်က သူ့အား ချုပ်နှောင်ထားသည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။